# Landing Station ဆောင်ရွက်မှုလုပ်ငန်းအခြေအနေအသိပေးကြေညာခြင်း

တီအမ်အိတ်ချ်တယ်လီကွန်းကုမ္ပဏီ (TMH)၏ ဒါရိုက်တာအဖွဲ့မှ ထုတ်ပြန်ကြေညာသည်မှာ TMH သည် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် ငွေဆောင်နှင့် မူဆယ်မြို့တို့၌ CMI (China_ Myanmar Inland Fiber) ဖိုင်ဘာလမ်းကြောင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့်ပတ်သက်၍ စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း (Management Service) အတွက် China Unicom (Myanmar) Operation Co., Ltd. နှင့် နှစ်ဖက် သဘောတူ စာချုပ်ချုပ်ဆို၍ လုပ်ငန်းတာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါကီလိုမီတာ ၂၅,၀၀၀ ရှည်လျားသော Landing station(Asia-Africa-Eurpoe1,AAE1) လမ်းကြောင်းသည် အီဂျစ်ကိုဖြတ်ကျော်၍ အရှေ့တောင်အာရှမှ ဥရောပသို့ သွယ်တန်းထားသော ရေအောက်ဖိုင်ဘာ ဆက်သွယ်ရေးဆိုင်ရာ ကေဘယ် လမ်းကြောင်းတစ်ခုဖြစ်ပါသည်။ စာချုပ်ပါသဘောတူညီချက်များအရ TMH မှ တာဝန်ယူဆောင်ရွက် လျက်ရှိသော လုပ်ငန်းများမှာ-

၁။ Landing station's security, property and power system maintenance

၂။ Landing station submarine equipment, DWDM equipment maintenance

၃။ NOC (Network operation center) Management

၄။ 19DWDM transmission node between Ngwe Saung and Muse maintenance

**လက်ရှိလုပ်ငန်းဆောင်ရွက်မှုနှင့် သက်ဆိုင်သော အချက်များ**

အဆိုပါ ဖိုင်ဘာလမ်းကြောင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၁၅) ရက်နေ့မှ စတင်ခဲ့ပြီး ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၁၄) ရက်နေ့အထိ တာဝန်ယူဆောင်ရွက်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လက်ရှိအချိန်တွင် လုပ်ငန်းသက်တမ်း၏ ၅၀% ခန့်ပြီးစီးပြီဖြစ်ပါသည်။

အထက်ပါပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းသည် လက်ရှိအချိန်တွင် ကုမ္ပဏီ၏ အဓိကကျသည့် လုပ်ငန်း မဟုတ်ပါသဖြင့် အစုရှယ်ယာရှင်များ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်ကို သိသာထင်ရှားသော အကျိုး သက်ရောက်မှုမရှိစေနိုင်သော်လည်း ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများထဲမှ အသစ်စတင်သော ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်ပါသဖြင့် TMH ကုမ္ပဏီအနေဖြင့် အနာဂတ်ကာလအတွက် လုပ်ငန်းအတွေ့အကြုံ အသစ်များနှင့် Telecom Industry၏ အခြားဆက်စပ်မှုရှိသည့် ရေရှည် အကျိုးကျေးဇူးများ ရရှိနိုင်ဖွယ်ရှိမည်ဟု ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့က မျှော်မှန်းပါသည်။

ယခုကြေညာချက်နှင့်ပတ်သက်၍ စီမံကိန်းလုပ်ငန်းများ၏ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများအား အစုရှယ်ယာရှင်များသို့ အချိန်နှင့်တပြေးညီထပ်မံ အသိပေးသွားပါမည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ဦးသီဟလွင်

အုပ်ချုပ်မှုဒါရိုက်တာ
၂၀၁၈ခုနှစ် ၊ မတ်လ (၃၀)ရက်။

Address : No. 54, Eastern Business Centre,Level 4&5, Lay Daung Kan Road, Thingangyun T/S, Yangon, Myanmar

Phone : +951 8550348, +951 8550936

Website: www.tmhtelecom.com